## မဲခေါင်-ကိုရီးယားပူးပေါင်းဆောင်ရွက်ရေး ရန်ပုံငွေ အစီအစဉ်အရ ဖွင့်လှစ်သည့် " Training on Promoting Statistical Literacy Price Data Collecting, Calculating and Reporting For Consumer Price Index" သင်တန်း ဖွင့်ပွဲအခမ်းအနားကျင်းပ

**Price Data Collecting, Calculating and Reporting For Consumer Price Index** သင်တန်းဖွင့်ပွဲ အခမ်းအနားကို ၄-၇-၂၀၂၂ ရက်နေ့ နေ့လယ် (၁၂:၀၀) နာရီ အချိန်တွင် ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းဇော်မှ တက်ရောက်၍ ဖွင့်လှစ်ပေးခဲ့ပါသည်။ အဆိုပါ သင်တန်းကို ၄-၇-၂၀၂၂ ရက်နေ့မှ ၈-၇-၂၀၂၂ ရက်နေ့အထိ ရုံး အမှတ် (၃၂)၊ ဗဟိုစာရင်းအင်းအဖွဲ့၏သင်တန်းခန်းမ၌ ၅ ရက်ကြာ ဖွင့်လှစ်ပို့ချမည်ဖြစ်ပြီး သင်တန်းနည်းပြဖြစ်သူ ဆရာမ ဒေါ်ချိုချိုမြင့်က သင်ကြားပို့ချလျက်ရှိပါသည်။

**သင်တန်းဖွင့်လှစ်ရသည့် အဓိကရည်ရွယ်ချက်များမှာ-**

- သင်တန်းသားများအနေဖြင့် မြန်မာနိုင်ငံ၏ ဈေးနှုန်းစာရင်းအင်းဖွံ့ဖြိုးတိုးတက်၍ လက်ရှိကာလအခြေအနေကို ထင်ဟပ်ပေါ်လွင်စေရန်အတွက် တိကျမှန်ကန်သော ဈေးနှုန်းစာရင်းအင်းများကို အချိန်နှင့်တစ်ပြေးညီကောက်ယူစုစည်းတတ်စေရန်၊
- တိုင်းဒေသကြီး/ပြည်နယ် အသီးသီးအလိုက် စားသုံးသူဈေးဆနှုန်းနှင့် ငွေကြေးဖောင်းပွမှုနှုန်းတွက်ချက်ရာတွင် တွက်ချက်သည့်နည်းစနစ်မှန်ကန်၍ စနစ်တကျ လျင်မြန်စွာ ဆောင်ရွက်နိုင်စေရန်နှင့်
- အစီရင်ခံစာပြုစုတင်ပြတတ်စေရန် ရည်ရွယ်၍ ဖွင့်လှစ်ခြင်း ဖြစ်ပါသည်။

**သင်ကြားပို့ချမည့် ဘာသာရပ်ဆိုင်ရာများမှာ-**

- ဈေးနှုန်းကောက်ယူခြင်းနှင့် သက်ဆိုင်သည့် နည်းလမ်းများ
- စားသုံးသူဈေးဆနှုန်း (CPI) တွက်ချက်ခြင်းနှင့် စပ်လျဉ်းရာတွင် International Standard နှင့်အညီ COICOP စနစ်ဖြင့် Compilation File ၏ အသုံးပြုပုံစနစ်များ အဆင့်ဆင့် စာတွေ့၊ လက်တွေ့ ရှင်းလင်း သင်ပြပေးခြင်း၊
- အစီရင်ခံစာ(Report) ထုတ်ပြန်ရာတွင် သုံးသပ်ချက်ရေးသားခြင်းများကို သင်ကြားပို့ချမည် ဖြစ်ပါသည်။

အဆိုပါသင်တန်းသို့ ဗဟိုစာရင်းအင်းအဖွဲ့၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဈေးနှုန်းနယ်ပယ်တွင် လက်တွေ့တာဝန်ယူဆောင်ရွက်လျက်ရှိသော အရာထမ်း၊ အမှုထမ်း စုစုပေါင်း (၃၆) ဦး တက်ရောက်ပါသည်။